MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

# သတ္တမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး အကြောင်းကြားစာ

၁။ MMID အများပိုင်ကုမ္ပဏီလီမိတက်၏ သတ္တမအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ကိုဗစ်-၁၉ ကူးစက်ရောဂါတားဆီးကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသောစည်းကမ်းချက်များနှင့်အညီ အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၄) ရက် (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် (၁၀) နာရီမှ (၁၂) နာရီထိ |
| ကျင်းပမည့်ပုံစံ | - | Online Zoom Meeting |

၂။ အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးတက်ရောက်ရန် Registration ပြုလုပ်ရေးအတွက် MMID Public Co., Ltd ၏ Email ဖြစ်သော info@mmidproject.com သို့မဟုတ် 09-883108720 သို့ Viber သို့မဟုတ် SMS ဖြင့် ရှယ်ယာရှင်အမည်၊ မှတ်ပုံတင်အမှတ်၊ အစုရှယ်ယာရှင်လက်မှတ်အမှတ်စဉ်နှင့် ဆက်သွယ်ရန်မိုဘိုင်းဖုန်းနံပါတ်တို့ကို (၂၁-၄-၂၀၂၂) ရက်နေ့နောက်ဆုံးထား၍ ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်စာနှင့် အစည်းအဝေးဆိုင်ရာသတင်းအချက်အလက်များကို ကုမ္ပဏီ၏ Website: http://www.mmidproject.com တွင် အချိန်နှင့်တပြေးညီတင်ပြပေးသွားမည်ဖြစ်ပါသည်။

## ဆက်သွယ်ရန်

မန္တလေးရုံးချုပ် - အမှတ် (၅၁၄/၈)၊ ၂၆ လမ်း၊ ၅၉×၆၀ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့
ဖုန်း - ၀၉–၄၀၄၀၉၀၅၈၃ ၊ ၀၉–၄၀၄၀၉၀၅၈၉၊ ၀၉–၇၈၄၉၆၃၃၂၆

အမှုဆောင်ဒါရိုက်တာအဖွဲ့
MMID Public Co., Ltd

## အစုရှယ်ယာရှင်များသိရှိရန်လိုအပ်သည့်အချက်များ

၁။ နှစ်ပတ်လည် အထွေထွေ အစည်းအဝေးဖိတ်စာနှင့် အစည်းအဝေးဆိုင်ရာ သတင်းအချက်အလက်များကို အစုရှယ်ယာရှင်များ ဖတ်ရှုနိုင်ရန်အတွက် ကုမ္ပဏီ၏ Website: http://www.mmidproject.com တွင် အချိန်နှင့်တပြေးညီ တင်ထားပါသည်။

၂။ အစုရှယ်ယာရှင်များအနေဖြင့် အစည်းအဝေးတက်ရောက်ရန် Registration ပြုလုပ်ရေးအတွက် MMID Public Co., Ltd ၏ Email ဖြစ်သော info@mmidproject.com သို့မဟုတ် ဖုန်းနံပါတ် 09-883108720 သို့ Viber သို့မဟုတ် SMS ဖြင့် ရှယ်ယာရှင်အမည်၊ မှတ်ပုံတင်အမှတ်၊ ရှယ်ယာရှင် လက်မှတ် အမှတ်စဉ်နှင့် ဆက်သွယ်ရန် မိုဘိုင်းဖုန်းနံပါတ်တို့ကို (၂၁-၄-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့မှတ်ပုံတင်နိုင်ပါသည်။

၃။ အစည်းအဝေးတက်ရောက်ရမည့် Zoom Meeting Link ကို အစုရှယ်ယာရှင်များက MMID Public Co., Ltd သို့ ပေးပို့ထားသော အစုရှယ်ယာရှင်များ၏ အီးမေးလ် သို့မဟုတ် ဖုန်းနံပါတ်သို့ ပြန်လည်ပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးတက်ရောက်ရန် Zoom Meeting Link ကို အစည်းအဝေးမစတင်မီ (၁) နာရီကြိုတင်၍ ဖွင့်ပေးထားပါမည်။

၄။ Online အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိပါက ကိုယ်စားအစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာ (Proxy Form for Annual General Meeting) တွင် လိုအပ်သော အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်၍ (၂၁-၄-၂၀၂၂) ရက်နေ့ညနေ (၅)နာရီ မတိုင်မီ MMID Public Co., Ltd မန္တလေးရုံးချုပ်သို့ စာတိုက်မှဖြစ်စေ ကုမ္ပဏီ အီးမေးလ် လိပ်စာသို့ဖြစ်စေ ကြိုတင်ပေးပို့ထားရန်လိုအပ်ပါသည်။

၅။ အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းအကြံပြုလိုသည့် အချက်အလက်များရှိပါက MMID Public Co., Ltd ၏ အီးမေးလ် info@mmidproject.com သို့ အီးမေးလ်ဖြင့်လည်းကောင်း၊ 09-883108720 သို့ Viber သို့မဟုတ် SMS ဖြင့်လည်းကောင်း၊ စာတိုက်မှတဆင့် မန္တလေးရုံးချုပ်သို့သော်လည်းကောင်း (၂၁-၄-၂၀၂၂) ရက်နေ့ ညနေ (၅) နာရီ နောက်ဆုံးထား၍ ပေးပို့ရန်လိုအပ်ပါသည်။

၆။ အွန်လိုင်းစနစ်ဖြင့် မဲပေးရန်အတွက် အစုရှယ်ယာရှင် အသုံးပြုမည့် Computer, Laptop, မိုဘိုင်းဖုန်းတွင် Unicode Font ရှိရန်လိုအပ်ပါသည်။

အမှုဆောင်ဒါရိုက်တာအဖွဲ့

MMID Public Co., Ltd

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

## နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာပုံစံ

ကျွန်ုပ် ------------------------- မန္တလေး-မြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်၏ အစုရှင်တစ်ဦးဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------- သည် ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၄) ရက်နေ့ (တနင်္ဂနွေနေ့) နံနက် (၁၀) နာရီတွင် ကျင်းပပြုလုပ်မည့် သတ္တမ အကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် မဲဆန္ဒပေးခွင့်ရှိသူ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်း ခံရသူအဖြစ် အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရွေးချယ်ခန့်အပ်ပါသည် -

အကွက်အတွင်း အမှန်ခြစ်၍ ရွေးချယ်ပါ။
အောက်ပါပုဂ္ဂိုလ် (၃) ဦးမှ တစ်ဦးဦး (သို့မဟုတ်) အခြားသော ပုဂ္ဂိုလ်အား ရွေးချယ်ခွင့်ရှိသည်။

- ☐ ဦးအောင်ဝင်းခိုင် (ဥက္ကဋ္ဌ)
- ☐ ဦးထွန်းထွန်းအောင် (အုပ်ချုပ်မှုဒါရိုက်တာ)
- ☐ ဦးမြတ်ထွဋ် (ဒါရိုက်တာ)

အခြားပုဂ္ဂိုလ်ဖြစ်လျှင်

အမည်

---------------------------------

နိုင်ငံသားစိစစ်ရေးကတ်အမှတ်

---------------------------------

အစုရှယ်ယာလက်မှတ်အမှတ်

---------------------------------

| | |
|---|---|
| ------------------ | ------------------ |
| ရက်စွဲ | လက်မှတ် |

**မှတ်ချက်။**

၁။ အစည်းအဝေးသို့တက်ရောက်မဲပေးခွင့်ရှိသော အစုရှယ်ယာရှင်သည် မိမိကိုယ်တိုင်မတက်ရောက်နိုင်ပါက ကိုယ်စားလှယ်ခန့်အပ်၍ မိမိကိုယ်စားတက်ရောက်မဲပေးခွင့်ရှိသည်။

၂။ အစုရှယ်ယာတစ်ခုကို တစ်ဦးထက်ပို၍ အမည်တစ်ခုနှင့်အတူ ပူးတွဲမှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များအနေနှင့် ရှေ့တွင်ဖော်ပြထားသော အစုရှယ်ယာရှင်၏ မဲသာလျှင် အတည်ဖြစ်သည်။

၃။ ဤကိုယ်စားလှယ်လွှဲစာကို (၂၁-၄-၂၀၂၂) ရက်နေ့ (ကြာသပတေးနေ့) ညနေ (၅) နာရီ နောက်ဆုံးထား၍ ကုမ္ပဏီရုံးသို့ အရောက်ပို့ပေးပါရန်။

NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

## MMID Public Co., Ltd ၏ သတ္တမအကြိမ်မြောက်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဆောင်ရွက်မည့်ကိစ္စရပ်များ

အစည်းအဝေးတွင် အောက်ပါကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မည်ဖြစ်ပါသည် -

၁။ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်များ၏ စာရင်းစစ်ဆေးပြီး နှစ်စဉ်ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာ၊ ဒါရိုက်တာများ၏ အစီရင်ခံစာများနှင့် စာရင်းစစ်အစီရင်ခံစာများကို တင်ပြဆွေးနွေးခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊

၂။ ဒါရိုက်တာအဖွဲ့ဝင်များ အလှည့်ကျ တာဝန်ထမ်းဆောင်ခြင်းနှင့် ခန့်အပ်ခြင်း၊ ဒါရိုက်တာများ၏ အခကြေးငွေသတ်မှတ်ခြင်းကို အတည်ပြုခြင်း၊

၃။ W & Associates Ltd. လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအား စာရင်းစစ်ခန့်အပ်မှုကို အတည်ပြုခြင်း၊

၄။ Corporate Governance ထိရောက်မှုရှိသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် ဖွဲ့စည်းထားသည့်ကော်မတီတစ်ခုချင်းစီ၏ အဖွဲ့ဝင်များခန့်ထားမှုကို အတည်ပြုချက်ရယူခြင်း။

၅။ အစုရှယ်ယာရှင်များက မေးမြန်းသည့်မေးခွန်းများကို ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများမှ ရှင်းလင်းဖြေကြားခြင်း။

အမှုဆောင်ဒါရိုက်တာအဖွဲ့
MMID Public Co., Ltd

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

# Mandalay Myotha Industrial Development Public Company Limited

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ဒါရိုက်တာများ အလှည့်ကျဆောင်ရွက်ခြင်း

MMID Public Company Limited ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ဒါရိုက်တာများသည် ကုမ္ပဏီ၏ သာမန်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတိုင်းတွင် ယင်းကာလ၌ ဆောင်ရွက်နေသော ဒါရိုက်တာများ၏ သုံးပုံတစ်ပုံ (သို့) အရေအတွက်သည် သုံးဦးမဟုတ်လျှင် (သို့) သုံးနှင့်စား၍ မပြတ်သော ဒါရိုက်တာများအရေအတွက်သည် နှုတ်ထွက်ပေးရမည်။ Corporate Governance စည်းမျဉ်းစည်းကမ်းများအရ ဒါရိုက်တာအဖွဲ့ဝင်ခန့်အပ်ရာတွင် Nomination Committee ၏ အရည်အချင်း စိစစ်သက်မှတ်ခြင်းကို ခံယူရန်လိုအပ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင်(၃)ဦးဖြစ်သည့်

(၁) ဦးအောင်ဝင်းခိုင် (ဒါရိုက်တာ)

(၂) ဦးထွန်းထွန်းအောင် (ဒါရိုက်တာ)

(၃) ဦးသန်းဦး (ဒါရိုက်တာ)

တို့သည် သင်းဖွဲ့စည်းမျဉ်းအရ နှစ်ပတ်လည်အစည်းအဝေးတွင် အလှည့်ကျနှုတ်ထွက်ပေးရမည့်သူများ ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဒါရိုက်တာ (၃) ဦးနေရာတွင် အစားထိုးခန့်ထားနိုင်ရန်အတွက် ယှဉ်ပြိုင်အရွေးခံမည့် ပုဂ္ဂိုလ်များအနေဖြင့် ယှဉ်ပြိုင်အရွေးခံရန်အတွက် ပူးတွဲပါ လိုအပ်သည့်ပုံစံများတွင် ဖြည့်စွက်၍ (၁၆-၄-၂၀၂၂) ရက်နေ့ (စနေနေ့) ညနေ (၅) နာရီ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

MANDALAY MYOTHA INDUSTRIAL DEVELOPMENT PUBLIC CO., LTD.
NO. (514/8), 26 Street, Between 59 x 60 Street,
Maha Zayyar Bon Quarter, Aung Myae Thar Zan Township, Mandalay.
Phone Number : 02 - 65958, 82150 Fax: 02 - 82151

သို့

Nomination Committee
Mandalay Myotha Industrial Development Public Co., Ltd

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ လ ရက်

## ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်အရွေးခံရန် အဆိုပြုလွှာ

လူကြီးမင်းခင်ဗျား

Mandalay Myotha Industrial Development Public Co., Ltd ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို လိုက်နာလျက် ဒါရိုက်တာအဖွဲ့ဝင်အသစ်များ ပြန်လည် ရွေးချယ် ခန့်အပ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်အရွေးချယ်ခံလိုပါကြောင်း အဆိုပြုပါသည်။

အဆိုပြုသူလက်မှတ် ---------------------------------------
အဆိုပြုသူအမည် ---------------------------------------
မှတ်ပုံတင်အမှတ် ---------------------------------------
နေရပ်လိပ်စာ ---------------------------------------
---------------------------------------
အစုရှယ်ယာလက်မှတ်အမှတ်နှင့် ----------------------------
ပိုင်ဆိုင်သည့်အစုအရေအတွက် ---------------------------
ဖုန်း ----------------------------

### ဒါရိုက်တာအဖြစ်အရွေးခံရန် အဆိုပြုနိုင်သည့် အစုရှယ်ယာရှင်၏ အရည်အချင်းသတ်မှတ်ချက်နှင့် စည်းကမ်းချက်များ

၁။ အဆိုပြုသူသည် (၃၁-၃-၂၀၂၂) နေ့တွင် အစုရှယ်ယာအရေအတွက် ၅၀၀၀၀ စု အနည်းဆုံး ပိုင်ဆိုင်ရပါမည်။

၂။ ကုမ္ပဏီများဥပဒေပြဌာန်းချက်များနှင့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပြဌာန်းထားသည့် ဒါရိုက်တာအရည်အချင်းနှင့် ပြည့်မီ၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအား လိုက်နာနိုင်သူဖြစ်ရမည်။

၃။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံ (၂) ပုံ ပါရှိရမည်။

၄။ ပူးတွဲပါ ကိုယ်ရေးမှတ်တမ်းအကျဉ်းတွင် ပြည့်စုံစွာဖြည့်စွက်၍ ပြန်လည်ပေးပို့ရမည်။

၅။ (၁၆-၄-၂၀၂၂) ရက်နေ့ (စနေနေ့) ညနေ (၅) နာရီထက်နောက်မကျဘဲ MMID Public Co., Ltd ၏ အီးမေးလ် info@mmidproject.com သို့ ပေးပို့ပေးရန်နှင့် ၎င်းအချိန်ထက်ကျော်လွန်ပါက အတည်ပြုလက်ခံမည်မဟုတ်တော့ပါ။

**(၁) ကိုယ်ရေးအချက်အလက်များ**

| | | | |
|---|---|---|---|
| အမည် | | | |
| နိုင်ငံသားစိစစ်ရေးကတ်အမှတ် | | မွေးသက္ကရာဇ် | |
| ပညာအရည်အချင်း | | လူမျိုး / ဘာသာ | |
| အဖအမည် | | အမိအမည် | |
| နေရပ်လိပ်စာ | အိမ်အမှတ် - | လမ်း - | ရပ်ကွက် - |
| | မြို့နယ် - | မြို့ - | |
| ဖုန်း | ရုံး - | အိမ် - | ဖက် (စ်) - |
| | လက်ကိုင်ဖုန်း - | | |
| အီးမေးလ် | | | |
| ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ နှင့်ရရှိခဲ့သည့်ခုနှစ် | | | |

**(၂) မိသားစုဝင်စာရင်း**

| စဉ် | အမည် | တော်စပ်ပုံ | လိပ်စာ | အလုပ်အကိုင် | ရှယ်ယာအရေအတွက် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

**(၃) လွန်ခဲ့သည့် (၅)နှစ်အတွင်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခဲ့မှုများ**

| စဉ် | လုပ်ငန်းအဖွဲ့ အစည်းအမည် | ရာထူး | ရက်စွဲ | | လုပ်ငန်းအမျိုးအစား |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

**(၄) လွန်ခဲ့သည့် (၅)နှစ်အတွင်း လူမှုရေးနှင့် ဘာသာရေးအဖွဲ့အစည်းများတွင် လုပ်ကိုင်ဆောင်ရွက်မှုများ**

| စဉ် | လုပ်ငန်းအဖွဲ့ အစည်းအမည် | ရာထူး | ရက်စွဲ | | လုပ်ငန်းအမျိုးအစား |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

အထက်တွင်ဖော်ပြထားသည့် ကိုယ်ရေးဆိုင်ရာအချက်အလက်များသည် ကျွန်ုပ်ကိုယ်တိုင် မှန်ကန်စွာဖြည့်စွက်ထားကြောင်း လက်မှတ်ရေးထိုးပါသည်။

ရက်စွဲ - ခုနှစ်၊ လ၊ ( ) ရက်။

လက်မှတ် ----------------------------------------

အမည် ------------------------------------------

ကိုယ်ရေးရာဇဝင်အကျဉ်း